# တိုင်းရင်းသားများက ဒေါ်အောင်ဆန်းစုကြည် ကျေညာချက်ကို ထောက်ခံ

မဇ္ဈိမ သတင်းဌာန
14 November, 07

ပြည်တွင်းပြည်ပရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါတီအဖွဲ့အစည်းများက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှ တွေ့ဆုံဆွေးနွေးပွဲတွင် စစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဆိုသည်ကို ကြိုဆို ထောက်ခံလိုက်ကြသည်။

ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီမှတဆင့် နိုဝင်ဘာလ (၈) ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ကျေညာချက်တွင် ပါရှိသည့် မြန်မာ့အကျပ်အတည်းမှ လွတ်မြောက်ရေး၊ တမျိုးသား လုံး အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် တွေ့ဆုံဆွေးနွေးပွဲတွင် စစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆို သည်ကို မြန်မာပြည်တွင်းရှိ တိုင်းရင်းသားပါတီ ၁၂ ခုမှ ယခုလ ၁၀ ရက်နေ့တွင် စုပေါင်းထောက်ခံလိုက်သည်။

ဇိုမီးအမျိုးသားကွန်ဂရက် (Zomi National Congress- ZNC) ဥက္ကဌ ပူးကျင်ရှန်းထန်က ဒေါ်အောင်ဆန်းစုကြည် နှင့် နအဖ၏ တွေ့ဆုံဆွေးနွေးရေး နောက်ပိုင်းတွင် တိုင်းရင်းသားများနှင့်ပါ တွေ့ဆုံဆွေးနွေးရေး ဖြစ်ပေါ်လာရန် မျှော်လင့်ထားကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း ယခုလိုဖြစ်ပေါ်လာစေရန်အတွက် ဖန်တီးလိမ့် မည်ဟု ယုံကြည်ထားကြောင်း ပြောသည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (MNDF)၊ ဇိုမီးအမျိုး သားကွန်ကရက် (ZNC) ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) ၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (CNLD) ၊ ကရင် အမျိုးသားဒီမိုကရေစီကွန်ဂရက် (KNCD) ၊ ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီ ကွန်ဂရက် (KNCD) ၊ ကယားပြည်နယ် လူမျိုးပေါင်းစုံ ဒီမိုကရေစီအဖွဲ့ချုပ် (KSANLD) ၊ ကယန်းအမျိုးသားညီညွတ်ရေးနှင့် ဒီမိုကရေစီ အဖွဲ့ (DOKNU) ၊ မရာပြည်သူ့ပါတီ (MPP) ၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ (SSKDP) နှင့် ရခိုင်ပြည်သူ့ ဒီမိုကရေစီတပ်ပေါင်းစု (APDF) တို့မှ ယခုလို စုပေါင်းကျေညာချက်ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။

ကျေညာချက်တွင် နိုင်ငံတော်အစိုးရ၊ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်း သားလူမျိုးစု ကိုယ်စားလှယ်များ၊ တွေ့ဆုံဆွေးနွေးရေးကို တိုင်းရင်းသားများအနေဖြင့် အစဉ်တစိုက် အားပေး ထောက်ခံကြောင်းနှင့် တိုင်းရင်းသားလူမျိုးများအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီနစ် ထွန်းကားရေး၊ နိုင်ငံသားများ လူ့အခွင့်အရေးအပြည့်အဝခံစားနိုင်ရေးနှင့် တိုင်းရင်းသားလူမျိုးစုများ ညီညွတ်စွာ နေထိုင်နိုင်ရေးတို့အတွက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကိုလည်း အစဉ်တစိုက် အားပေးထောက်ခံကြောင်း ရေးသားဖော်ပြထားသည်။

ထိုင်းနိုင်ငံရောက် နိုင်ငံရေးပါတီများ၊ နှစ်နိုင်ငံနယ်စပ်တွင် လက်နက်ကိုင်နေသည့် လူမျိုးစုလက်နက်ကိုင်များဖြင့် ဖွဲ့စည်းထားသည့် ထိုင်းအခြေစိုက် တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) (ENC) က လည်း ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားကို ထောက်ခံသည့် ကျေညာချက်ကို ယခုလ ၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သေးသည်။

ကောင်စီ ဥက္ကဌ စောသဘင်က “အောင်ဆန်းစုကြည်ရဲ့ပြောဆိုချက်တွေက ၁၉၄၇ ခုနှစ်၊ သူ့ဖမရဲ့ဖခင်နဲ့ တိုင်းရင်း သားတွေ တည်ဆောက်ခဲ့တဲ့ ပင်လုံညီလာခံသဘောတူညီမှု စိတ်ဓာတ်ကို အသစ်တဖန်မွေးဖွား ပေးလိုက်တာ ပါပဲ” ဟု ENC ကျေညာချက်ထဲတွင် ပြောဆိုခဲ့သည်။

ENC အနေဖြင့် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးသာလျှင် မြန်မာ့အရေးကို ပြေလည်စေရန်ဆောင်ရွက်ပေးမည့် တခုတည်းသော လမ်းကြောင်းဖြစ်ကြောင်း ကျေညာချက်ကဆိုသည်။

ENC အထွေထွေအတွင်းရေးမှူး ဒေါက်တာလျန်မှုန်းဆာခေါင်းက စစ်မှန်သည် တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်ရေး အတွက် နအဖစစ်အစိုးရကို နိုင်ငံတကာမှ ဖိအားပေးရန်လည်း ယခုလို တိုက်တွန်းလိုက်သည်။

“နအဖ အနေနဲ့ အခုလို ဒေါ်အောင်ဆန်းစုကြည်ကို ပြောဆိုခွင့်၊ ဆွေးနွေးခွင့်တွေ ပေးတာက နိုင်ငံတကာက ဖိအားကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်ပေ့ါ။ တိုးတက်လာတယ်ပေ့ါ။ ဒါပေမယ့် လက်တွေ့ လုပ်ဆောင်မှု တစုံတရာမှ မရှိသေးပဲ တိုးတက်ပြောင်းလဲလာပြီလို့ ပြောလို့မရသေးပါဘူး” ဟု သူက မဇ္ဈိမကို ပြောသည်။

http://www.mizzimaburmese.com/content/view/216/1/